ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၂/၂၀၁၅)

| | |
|---|---|
| ဦးကျော်ဝင်းထွန်း(ပိုင်ရှင်)<br>Bravo အထည်ချုပ်စက်ရုံ၊<br>အမှတ်(၁၉/၅၂/၅၃)၊ ဗိုလ်တေဇလမ်း၊<br>ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်။ | လျှောက်ထားသူ |
| နှင့် | |
| ဦးမျိုးလွင်(Operator)<br>အမှတ်(၃၇၈)၊ အိန္ဒြာ(၄)လမ်း၊<br>(ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၁၉/၅၂/၅၃)ရှိ Bravo အထည်ချုပ်စက်ရုံပိုင်ရှင် ဦးကျော်ဝင်းထွန်းနှင့် အလုပ်သမား ဦးမျိုးလွင် (Operator) တို့အကြား ဖြစ်ပွားကြသော အငြင်းပွားမှုကို မြောက်ဥက္ကလာပမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၁၁၅/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူကတောင်းဆိုခြင်းခံရသူထံတွင် နို့တစ်ကြေးတစ်လစာ ပေးရန် တောင်းဆိုသည်မှဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** Bravo အထည်ချုပ်စက်ရုံမှလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းဦးမျိုးလွင် အားစက်ရုံမန်နေဂျာ ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)မှ ကြိုတင်အကြောင်း ကြားခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် ရသင့်ရထိုက် သောနို့တစ်ကြေးနှင့် လျော်ကြေးရလိုကြောင်း တောင်းဆိုခြင်းဖြစ် သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ထို့ကြောင့် Bravo အထည်ချုပ်စက်ရုံမှလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ကိုမျိုးလွင်အား အလုပ်ရှင်မှ နို့တစ်ကြေးတစ်လစာ ၂၀၀၀၀၀ိ/- ပေးရန်ဆုံးဖြတ်လိုက်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၁၅/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် Bravo အထည်ချုပ်စက်ရုံ ပိုင်ရှင် ဦးကျော်ဝင်းထွန်းမှ ခုံသမာဓိကောင်စီသို့ အယူခံ လျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ခုံသမာဓိ ကောင်စီ အမိန့်ကြော်ငြာစာအမှတ်( /၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၇၂/၂၀၁၅) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ဤခုံသမာဓိကောင်စီ ခုံအဖွဲ့သည် အငြင်းပွားမှုစတင်ဖြစ်ပွားချိန်မှစ၍ သက်ဆိုင်ရာမြို့ နယ်တွင် ညှိနှိုင်းဖျန်ဖြေခဲ့သည့် မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိ ကောင်စီ ခုံအဖွဲ့တွင် အလုပ်ရှင်ဘက်မှ လျှောက်ထားလွှာများ၊ အလုပ်သမားဘက်မှ လျှောက်ထား လွှာများ၊ စစ်ဆေးချက်မှတ်တမ်းများ၊ အထောက်အထားတင်ပြချက်များ စသည်တို့ကို ပြည့်စုံစွာ လေ့လာသုံးသပ်ပြီးနောက် အောက်ပါအတိုင်း ကောက်ချက်ကိုရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** Bravo အထည်ချုပ်စက်ရုံမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ဦးမျိုးလွင် အား စက်ရုံမန်နေဂျာ ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)မှ ကြိုတင်အကြောင်း

ကြားခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် တောင်းဆိုသော
နို့တစ်ကြေး ပေးသင့်/မပေးသင့်။

၇။ အထက်ဖော်ပြပါကောက်ချက်ပေါ်တွင်စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ချက်မှတ်နိုင်ရန်အတွက် အလုပ်ရှင်၏ တရားဝင် ကိုယ်စားလှယ် စက်ရုံမန်နေဂျာ ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)၊ Super ဦးလွှမ်းမိုးအောင်နှင့် အလုပ်သမား လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ဦးမျိုးလွင်တို့ကို ထပ်မံခေါ်ယူပြီး မေးမြန်းစစ်ဆေးကြားနာခဲ့သည်။

**သုံးသပ်ချက်အမှတ်(၁)။** လျှောက်ထားသူ အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ် စက်ရုံမန်နေဂျာ ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)၏ လျှောက်ထားလွှာနှင့် ထွက်ဆိုချက်တို့အရ အလုပ်သမားလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ဦးမျိုးလွင်အား Bravo အထည်ချုပ်စက်ရုံတွင် (၇-၁၀-၂၀၁၅) ရက်နေ့မှစ၍ လစာ ၂၀၀၀၀၀/-ဖြင့် အစမ်းခန့်ကာလတစ်လခန့်ထားခြင်းကို CV Form နှင့် နှုတ်ကတိသဘောတူညီချက်အရ ခန့်ထားခဲ့ကြောင်း၊ ၂၄-၁၀-၂၀၁၅ ရက်နေ့တွင် မော်တာကွိုင်အတွက် ပစ္စည်းဝယ်ယူသည့်ကိစ္စနှင့်ပတ်သက်၍ Super ဦးလွှမ်းမိုးအောင်နှင့် အငြင်းပွားရာမှ မန်နေဂျာထံရောက်ရှိလာကြောင်း၊ ဘွိုင်လာအကြောင်းလဲမသိဘူး၊ မော်တာကွိုင်ပတ်လဲမသင်ဘူး၊ ခေါင်းဆောင်နှင့် ငယ်သား ဆက်ဆံရေးအဆင်မပြေသဖြင့် အလုပ်မှနားရန်ပြောဆိုပြီး Gate Pass ရေးပေးလိုက်ကြောင်း၊ အလုပ်သမားမှ ဖုန်းဆက်၍ နို့တစ်ကြေး တစ်လစာတောင်းခံကြောင်း၊ မကျေနပ်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရုံးသို့ တိုင်ကြားခဲ့ရာမှ ညှိနှိုင်းရာတွင် အလုပ်လုပ်သောရက်များအတွက် လုပ်ခရှင်းလင်းပေးရန် အလုပ်ရှင်မှ လက်ခံသော်လည်း နို့တစ်ကြေးတစ်လကို အစမ်းခန့်ကာလတစ်လအတွင်း ပေးရန်အတွက် လက်မခံသဖြင့် ခုံသမာဓိအဖွဲ့သို့ တက်ရောက်ကြောင်းတွေ့ရှိရသည်။

အလုပ်သမားလျှပ်စစ်ကျွမ်းဝန်ထမ်း ဦးမျိုးလွင်၏ တင်ပြတောင်းဆိုလွှာနှင့် ထွက်ဆိုချက်အရ Bravo အထည်ချုပ်စက်ရုံတွင် ၇-၁၀-၂၀၁၅ ရက်နေ့တွင် CV Formနှင့် နှုတ်ကတိဖြင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းအဖြစ် အစမ်းခန့်ကာလတစ်လခန့်ထားသဖြင့် အ

လုပ်ဝင်ခဲ့ကြောင်း၊ ၂၄-၁၀-၂၀၁၅ ရက်နေ့တွင် မော်တာကွိုင်ဝယ်ပါ သည့် ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားရာမှ မန်နေဂျာ ဗိုလ်ကြီး မျိုးလွင်(ငြိမ်း)မှ ခေါ်ယူတွေ့ဆုံရာတွင် ဘွိုင်လာသင်ရန်ကိစ္စ၊ မော်တာကွိုင်ပတ်သင်ရန်ကိစ္စများပြောဆိုပြီး စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် All Night အချိန်ပိုဆင်းရန်ပြောရာတွင် စနေနေ့တွင် ဆင်းပေးမည်ဖြစ်ပြီး တနင်္ဂနွေနေ့တွင် အိပ်ရမည်ဖြစ်၍ မဆင်းပေးနိုင်ကြောင်းပြောရာတွင် အလုပ်မှထုတ်ပယ်ခဲ့သဖြင့် ကြိုတင်အကြောင်း မကြား၍ နို့တစ်ကြေးတစ်လစာတောင်းဆိုခဲ့သည်မှာ မှန်ကြောင်း၊ မြို့နယ်ဖျန်ဖြေရေးရုံးသို့ တိုင်ကြားရာတွင် (၁၆)ရက်အတွက် လုပ်ခရှင်းလင်းပေးသော်လည်းနို့တစ်ကြေးတစ်လစာမပေးသဖြင့် ခုံသမာဓိအဖွဲ့သို့ ဆက်လက်တက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အထက်ပါ နှစ်ဖက်ထွက်ဆိုချက်များနှင့် သက်သေခံချက်များအား သက်သေခံချက်များအား သုံးသပ်ရာတွင် Bravo အထည်ချုပ်စက်ရုံတွင် အလုပ်သမားလျှပ်စစ်ကျွမ်းကျင် ဝန်ထမ်း ဦးမျိုးလွင်သည် CV Form နှင့်နှုတ်ကတိဖြင့် အစမ်းခန့်ကာလတစ်လကို ၇-၁၀-၂၀၁၅ ရက်နေ့တွင် အလုပ်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် ၂၄-၁၀-၂၀၁၅ ရက်နေ့တွင် လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေး အဆင်မပြေမှုဖြစ်ရုံနှင့် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း တွေ့ရှိရသည်။ အလုပ်သမားသည် အကြောင်းမဲ့အလုပ်မှထုတ်ပယ်ခံရသည်မှာ ကြိုတင်အကြောင်းကြားမှုမရှိကြောင်းပေါ်လွင်ထင်ရှားသည်။ အလုပ်ထုတ်ပယ်ခံရသော အလုပ်သမားမှာ နစ်နာမှုရှိသည်မှာ မှန်သော်လည်း အစမ်းခန့်ကာလ တစ်လအတွင်း၌ ဖြစ်သည့်အပြင် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)အရ လုပ်သက်(၆)လမပြည့်သဖြင့် အလုပ်ထုတ်နစ်နာကြေးမရသင့်ဘဲ နို့တစ်ကြေးသာခံစားထိုက်ကြောင်းတွေ့ရှိသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ Bravo အထည်ချုပ်စက်ရုံမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ဦးမျိုးလွင် အား အလုပ်ရှင်မှ နို့တစ်ကြေးတစ်လစာ ၂၀၀၀၀၀/- ပေးရန် ဆုံး ဖြတ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှု အမှတ်(၁၁၅/၂၀၁၅)တွင် ၁၆-၁၂-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်ကို ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်း ဥပဒေ ၂၃(င) အရ အတည်ပြုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍အာဏာတည်စေရမည်

၈။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက် ပေါင်း ၃၀ အတွင်းပေးရမည်။ ငွေပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရမြေ ခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရ မည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးအောင်စံတင်
ဥက္ကဋ္ဌ

ဦးဌေး
အဖွဲ့ဝင်